Message Five

# ခါနန်မြေမှ ထုတ်ကုန်နှင့်
# ကောင်းသောမြေကို ခွဲဝေပေးထားခြင်း၏ ပင်ကိုမူလပုံဆောင်ချက်

ဖတ်ရန်ကျမ်း။ ။ ယောရှု၊၅း၁၂၊ ၁၃း၁-၂၂-၃၄။ ကော၊၁း၁၂။ တ၊၂၆း၁၈

**I. အစ္စရေးအမျိုးသားတို့သည် ခါနန်မြေသို့ဝင်ရောက်လာပြီးနောက် မန္နသည် ရပ်တန့်သွားခဲ့သည်။ ထိုနေရာတွင် မန္နမုန့်မရှိတော့ဘဲ၊ သူတို့သည် ခါနန်မြေမှ ထွက်ကုန်ကို စားသုံးကြလေသည် - ယောရှု၊၅း၁၂။**

A. လူများသည် မြေ၏ထုတ်ကုန်ကို စတင် စားသုံးသည်နှင့် မန္န ရပ်တန့်သွားခြင်းမှာ မြေ၏ထုတ်ကုန်သည် မန္န၏ ဆက်လက်ဖြစ်ပွားခြင်းဖြစ်ကြောင်း ညွှန်ပြနေသည်။

B. အစ္စရေးလူတို့က ကန္တာရတောခွင်၌ လှည့်လည်သွားလာခြင်းတွင် စားသုံးခဲ့သည့် မန္န (ထွ၊၁၆) သည် ဘုရားသခင်က ကိုယ်တော်၏ရွေးချယ်ခံလူများထံ တိုက်ရိုက်ပေးထားသည့် ကောင်းကင်ဆိုင်ရာအစာအဖြစ် ခရစ်တော်ကို ပုံဆောင်ပြီး၊ ၎င်းသည် စားသုံးသူများဘက်မှ မည်သည့်အားထုတ်လုပ်ဆောင်မှုကိုမျှ မတောင်းဆိုထားပေ။

C. ဘုရားသခင်က အစ္စရေးလူတို့အား ခါနန်ပြည်တွင် သူတို့တိုက်ခိုက်ခြင်း၌ သူတို့ကို ကတိပေးထားသည့် မြေ၏ ကြွယ်ဝသော ထုတ်ကုန်မှာ ယုံကြည်သူများထံ ပေးထားသော ပြီးမြောက်ပြည့်စုံသည့် အသက်မစရာအဖြစ် ခရစ်တော်ကို ပုံဆောင်ကာ၊ ၎င်းသည် သူတို့က ကိုယ်တော်အပေါ် အားထုတ်လုပ်ဆောင်ခြင်းကို တောင်းဆိုထားသည် - တရား၊၈း၇-၁၀။

1. ဤနေရာရှိ ပုံဆောင်ချက်၌ ပုံဖော်ပြသသည့်အတိုင်း မြေဖြစ်သော ခရစ်တော်ကို ပိုင်ဆိုင်ပြီးနောက် ကျွန်ုပ်တို့သည် ကိုယ်တော်ထံမှ တစ်စုံတစ်ခုကို ထုတ်လုပ်ရန် ကိုယ်တော်အပေါ် အားထုတ်လုပ်ဆောင်ရမည်၊ ၎င်းသည် ကျွန်ုပ်တို့၏ အစာ၊ ကျွန်ုပ်တို့၏အသက်မစရာ ဖြစ်လာလိမ့်မည်ဖြစ်သည်။

2. ကျွန်ုပ်တို့သည် ခရစ်တော်ကို စားသုံး၍ ကောင်းသောမြေ၏ ထုတ်ကုန်အဖြစ် ကိုယ်တော်ကို မွေ့လျော်သည်နှင့်အမျှ ကျွန်ုပ်တို့သည် ကိုယ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရကာ၊ ခရစ်တော်ကဲ့သို့ အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်း၌ တူညီစေခြင်း ခံရကြသည် - ယော၊၆း၅၇။ ဖိ၊၁း၁၉-၂၁က။

3. အဆုံးစွန်အနေဖြင့် ခရစ်တော်ကို ကျွန်ုပ်တို့၏ အမွေ၊ ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏အမွေ၊ ဘုရားသခင်၏ ဖိုးထိုက်ဘဏ္ဍာတော်နှင့် ပိုင်ဆိုင်ရာဖြစ်စေရန် စေ့စပ်ထုံးဖွဲ့ပေးလိမ့်မည်ဖြစ်သည် - ဧ၊၁း၁၁-၁၄၊ ၁၈ခ။ ညွှန်း၊ ထွ၊၁၉း၅။

D. အီဂျစ်ပြည်၊ ကန္တာရတောနှင့် ကောင်းသောမြေတို့၌ အစ္စရေးလူတို့သည် စားသုံးခြင်းအဆင့်သုံးဆင့်ကို တွေ့ကြုံခံစားကြသည်။

1. အီဂျစ်ပြည်၌ အစ္စရေးလူတို့သည် ပသခါသိုးသငယ်ကို စားကြရသည် - ၁၂း၃၊ ၈-၉။

a. ပသခါသိုးသငယ်၏အသားကို မီးကင်ထားခြင်းမှာ အသက်မစရာအတွက် စားသုံးဖို့ဖြစ်သည့်နည်းတူ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်မစရာအတွက် ခရစ်တော်ကို စားသုံးရန် လိုအပ်သည် - အငယ်၊၈-၁၀။ ယော၊၆း၅၃၊ ၅၅-၅၇။

(1) လူ၏ကျဆင်းခြင်း ပြဿနာကို ဖြေရှင်းရန်နှင့် ဘုရားသခင်၏ နဂိုမူလ ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေခြင်းငှာ အသက်နှင့် ရွေးနုတ်ခြင်း နှစ်ခုလုံးကို လိုအပ်သည်။

(2) ခရစ်တော်၏အသွေးတော်မှတစ်ဆင့် ဘုရားသခင်၏တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းသည် ကျွန်ုပ်တို့၏အသက်ဆိုင်ရာကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့အထဲသို့ အသက်အဖြစ် ခရစ်တော်ကို ဝေငှဖြန့်ဖြူးခြင်း၏ဘုရားသခင့်ပန်းတိုင်ကို ရောက်ရှိစေရန် ဖြစ်စဉ်နည်းလမ်းဖြစ်သည် - ရော၊၅း၁၀။

b. အစ္စရေးအမျိုးသားတို့သည် ပသခါသိုးသငယ်ကို ၎င်း၏ဦးခေါင်း၊ ခြေများ၊ အတွင်းအစိတ်အပိုင်းများနှင့်အတူ စားရမည်ဖြစ်သည် - ထွ၊၁၂း၉။

(1) ဦးခေါင်းသည် ဉာဏ်ပညာကို ရည်ညွှန်းပြီး၊ ခြေများသည် ပြုမူခြင်းနှင့် လှုပ်ရှားမှုကို ရည်ညွှန်းကာ၊ အတွင်းအစိတ်အပိုင်းများမှာ ခရစ်တော်၏ဖြစ်ခြင်း အတွင်းအစိတ်အပိုင်းများ၊ ကိုယ်တော်၏ အသိဉာဏ်၊ ခံစားမှု၊ အလိုဆန္ဒနှင့် စိတ်နှလုံးတို့နှင့် ၎င်းတို့၏လုပ်ဆောင်ချက်များအားလုံးအပါအဝင် စသည်တို့ကို ရည်ညွှန်းသည်။

(2) ပသခါသိုးသငယ်ကို ဦးခေါင်း၊ ခြေများ၊ အတွင်းအစိတ်အပိုင်းများနှင့်အတူ စားသုံးခြင်းမှာ ကိုယ်တော်၏ ဖြစ်ခြင်းတစ်ခုလုံး၌၊ ကိုယ်တော်၏ပညာတော်၊ ကိုယ်တော်၏ ပြုမူခြင်းနှင့် လှုပ်ရှားမှု၊ ကိုယ်တော်၏ အတွင်းအစိတ်အပိုင်းများတို့၌ ခရစ်တော်ကို ယူဆောင်ခြင်းအား ရည်ညွှန်းသည် - ယော၊၆း၅၇။ ၁ကော၊၁း၂၄။ ဖိ၊၁၄း၄ခ။ ဖိ၊၁း၈။

2. ကန္တာရတော၌ အစ္စရေးလူတို့သည် မန္နကို စားသုံးခဲ့ကြသည် - ထွ၊၁၆း၁၄-၁၆၊ ၃၁။ စာရင်း၊၁၁း၇။

a. ကိုယ်တော်၏လူများအား စားသုံးရန် မန္နကို ပေးခြင်းအားဖြင့် ဘုရားသခင်သည် ကိုယ်တော်၏ ရည်ရွယ်ချက်မှာ သူတို့၏ အစားအသောက်ပုံစံကို ပြောင်းလဲပေးခြင်းအားဖြင့် သူတို့၏ စေ့စပ်ထုံးဖွဲ့မှုကို ပြောင်းလဲပေးရန်ဖြစ်ကြောင်း ညွှန်ပြနေသည် - ထွ၊၁၆း၁၄-၁၅။

(1) အမည်နာမ၌ အစ္စရေးအမျိုးသားတို့သည် အီဂျစ်လူမျိုးမဟုတ်ကြပါ၊ သို့သော် သဘောသဘာဝနှင့် စေ့စပ်ထုံးဖွဲ့မှု၌ သူတို့သည် အီဂျစ်လူမျိုးများမှ အနည်းငယ်မျှပင် ခြားနားမှု မရှိကြပေ - အငယ်၊၃။

(2) အီဂျစ်လူမျိုး၏အစားအသောက်ပုံစံသည် ကျွန်ုပ်တို့က ကျေနပ်နှစ်သိမ့်ခြင်းကို ရှာတွေ့ရန်အလို့ငှာ စားသုံးလိုသောအရာအားလုံးကို ရည်ညွှန်းခြင်းဖြစ်သည် - စာရင်း၊၁၁း၄-၆။

b. ဘုရားသခင်က ကိုယ်တော်၏ ရွေးနုတ်ခံလူများအား အီဂျစ်အစားအစာကို မေ့လိုက်ကာ၊ ကောင်းကင်ဆိုင်ရာအစာကို ယူဆောင်စားသုံးသူများဖြစ်စေရန် အလိုတော်ရှိသည် - တရား၊၈း၃။

(1) ကျွန်ုပ်တို့သည် မန္နကို စားသုံးလေလေ၊ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့လိုက်လျောညီထွေဖြစ်လေလေ၊ ကိုယ်တော်နှင့်အတူ ထပ်တူညီခြင်းရှိလေလေဖြစ်ကာ၊ ကိုယ်တော်၏ဖြစ်ခြင်းအတိုင်း အသက်ရှင်ခြင်းနှင့် လျှောက်လှမ်းခြင်း ရှိလေလေဖြစ်သည်။

(2) သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း၌ အကူအညီအဖြစ်ဆုံးသောအရာမှာ ခရစ်တော်ကို ကောင်းကင်ဆိုင်ရာအစာအဖြစ် စားသုံးခြင်းဖြစ်သည်။ ခရစ်တော်ကို စားသုံးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ဖြစ်လာကြသည်။ ယင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှုဖြစ်လာခြင်းဖြစ်သည် - ယော၊၆း၅၆-၅၈။

3. ခါနန်ပြည်၌ အစ္စရေးလူများသည် ကောင်းသောမြေ၏ ထုတ်ကုန်ကို စားသုံးခဲ့ကြသည် - ယောရှု၊၅း၁၁-၁၂။

a. စားသုံးခြင်း၏ တတိယအဆင့်တွင် သူတို့သည် ကောင်းသောမြေ၏ ကြွယ်ဝသော မစမှုကို စားသုံးခဲ့ကြပြီး၊ ၎င်းသည် သူတို့ကို အောင်မြင်သောလူများဖြစ်ရန် ထပ်တိုး၍ စေ့စပ်ထုံးဖွဲ့ပေးသည်။

b. ကောင်းသောမြေသည် ဂျုံ၊ မုယော၊ စပျစ်နွယ်ပင်များ၊ သင်္ဘောသဖန်းပင်များ၊ တလည်းသီးများ၊ သံလွင်ပင်များနှင့် သံလွင်ဆီ၊ ပျားရည်တို့ဖြင့် ပြည့်ဝသောမြေဖြစ်ကာ၊ ထိုအရာအားလုံးမှာ ခရစ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများကို ပုံဆောင်သည် - တရား၊၈း၈။ ဧ၊၃း၈။

c. ကောင်းသောမြေ၏ ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် အစ္စရေးလူတို့သည် ထိုမြေ၌ရှိသောလူမျိုးနွယ်တို့ကို အောင်နိုင်ကာ၊ ဘုရားသခင်၏နိုင်ငံတော်ကို တည်စေပြီး၊ မြေကြီးပေါ် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်သည့် ဗိမာန်တော်ကို တည်ဆောက်ခဲ့ကြသည် - ယောရှု၊၅း၁၁-၁၂။

4. ဤအဆင့်သုံးဆင့်တို့မှာ ယုံကြည်သူများက ကိုယ်တော်ကို စားသုံးခြင်းအားဖြင့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း အဆင့်သုံးဆင့်ကို ပုံဆောင်သည် - ယော၊၆း၅၁-၅၇။ ၁ကော၊၅း၇-၈။ ၁၀း၃-၄။ ဖိ၊၁း၁၉။

a. ပထမအဆင့် နှစ်ဆင့်တွင် သူတို့၏စားသုံးခြင်းအားဖြင့် ယုံကြည်သူများသည် လောကကို စွန့်ခွာရန် ခွန်အားသန်စွမ်းလာကြကာ၊ ကောင်းကင်ဆိုင်ရာဒြပ်သဘာဝဖြစ်သည့် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်း ခံရကြသည် - ယော၊၆း၅၁-၅၇။ ၁ကော၊၅း၇-၈။ ၁၀း၃-၄။

b. ဘုရားသခင်၏ စီမံကိန်းပန်းတိုင်သို့ ရောက်ရှိရန် ကျွန်ုပ်တို့သည် ခရစ်တော်ကို ကောင်းသောမြေ၏ ကြွယ်ဝသောထုတ်ကုန်အဖြစ် စားသုံးသည့် အမြင့်ဆုံးအဆင့်အထဲသို့ ဝင်ရောက်သွားသည့်တိုင် ကျွန်ုပ်တို့တိုးတက်လာခြင်းရှိရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးဆိုင်ရာ ရန်သူများကို အောင်မြင်ကာ၊ ဘုရားသခင်၏ကိန်းဝပ်ရာနေရာအဖြစ် တည်ဆောက်ခံပြီး၊ မြေကြီးပေါ်ဘုရားသခင်၏နိုင်ငံတော်ကို တည်စေနိုင်မည်ဖြစ်သည်။

c. ခရစ်တော်ကို ကောင်းသောမြေ၏ ထုတ်ကုန်အဖြစ် ကျွန်ုပ်တို့စားသုံးသည်နှင့်အမျှ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် စေ့စပ်ထုံးဖွဲ့ခံရပြီး၊ ခရစ်တော်ကဲ့သို့ အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်း၌ တူညီလာကာ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော် တည်ဆောက်ခြင်းအတွက် ဖြစ်လာမည်ဖြစ်သည် - ဧ၊၄း၁၆။

## II. ကောင်းသောမြေကို ခွဲဝေပေးခြင်း၏ ပင်ကိုမူလပုံဆောင်ချက်မှာ မြေကို ပိုင်ဆိုင်သူများဖြစ်သည့် ကျွန်ုပ်တို့သည် တစ်ပါးတည်းသောခရစ်တော်ကို နည်းလမ်းအမျိုးမျိုး၌ တွေ့ကြုံခံစားကြခြင်း ဖြစ်သည် - ယောရှု၊၁၃း၁-၂၂း၃၄။

A. ဘုရားသခင်၏ စီမံကိန်းအတွင်း၌ မြေကို ခွဲဝေပေးခြင်းဟု ခေါ်ဆိုသည့် တစ်စုံတစ်ရာရှိသည် - ကော၊၁း၁၂။

B. ယောရှုသည် မြေကို သိမ်းပိုက် ပိုင်ဆိုင်ပြီးနောက် ဘုရားသခင်က သူ့အား ရယူပိုင်ဆိုင်ခဲ့ပြီးသော မြေကိုသာမက၊ မပိုင်ဆိုင်ရသေးသည့် မြေကိုပင် ခွဲဝေခြင်းပြုရန် မိန့်မှာခဲ့သည်၊ အကြောင်းမှာ ဘုရားသခင်၏အမြင်၌ မြေအားလုံးသည် အစ္စရေးအတွက်ဖြစ်သောကြောင့်တည်း - ယောရှု၊၁၃း၆။

1. ကိုယ်တော်၏ပညာတော်၌ ဘုရားသခင်သည် ကောင်းသောမြေကို တစ်ခုလုံးအဖြစ် အစ္စရေးအမျိုးသားအားလုံးထံ ခွဲဝေပေးခြင်းမဟုတ်ပါ၊ ထိုအစား ကိုယ်တော်က ထိုမြေတည်းဟူသော ခရစ်တော်ကို မတူညီသောမျိုးနွယ်စုများထံ ခွဲဝေပေးထားခဲ့သည် - အငယ်၊၇။
2. မျိုးနွယ်စုများသည် မတူညီကြသောကြောင့်၊ ဘုရားသခင်သည် မျိုးနွယ်စုတိုင်းကို တူညီသောနည်းလမ်း၌ တူညီသောမြေကို ပေးခြင်း မပြုနိုင်ပါ။
3. မျိုးနွယ်စုအားလုံးသည် မြေကို ပိုင်ဆိုင်သူများဖြစ်ကြသည်၊ သို့သော် မျိုးနွယ်စုများသည် သူတို့ဖြစ်ခြင်းအတိုင်း မြေ၏ သီးသန့်ဝေစု အသီးသီး ပိုင်ဆိုင်ကြသည် - ၁၄း၆-၁၅။ ၁၈း၁-၁၉း၂၇။
4. မြေကို ခွဲဝေပေးခြင်း၏ ဤပုံဆောင်ချက် ပြီးပြည့်စုံခြင်းမှာ ယနေ့ ကျွန်ုပ်တို့အလယ်၌ဖြစ်သည် - ကော၊၁း၁၂။
   a. ကျွန်ုပ်တို့အားလုံး၌ တူညီသောခရစ်တော်ကို ရရှိကြသည်၊ သို့သော် ကျွန်ုပ်တို့သည် ခရစ်တော်ကို မတူညီသောနည်းလမ်းများ၌ တွေ့ကြုံခံစားကြသည် - ၁ကော၊၁း၂။
   b. ကျွန်ုပ်တို့ပိုင်ဆိုင်ရသည့် မြေ (ခရစ်တော်) သည် ကျွန်ုပ်တို့ဖြစ်ခြင်းအတိုင်း ဖြစ်သည် - ရော၊၁၂း၃။ ဧ၊၄း၇။

C. ကောလောသဲ ၁း၁၂ တွင် ပေါလုက အရာအားလုံးပါဝင်သောမြေ၏ ခံယူချက်ကို အသုံးပြုထားပြီး၊ "သန့်ရှင်းသူများ၏ ခွဲဝေပေးထားသောဝေစု"အကြောင်းကို ပြောခဲ့သည်။

1. ဂရိစကားလုံးတွင် "ဝေစု"ဟူသောစကားလုံးကို "ခွဲတမ်း"ဟူ၍လည်း အသုံးပြုနိုင်ပြီး၊ ခွဲဝေပေးခြင်းကို ရည်ညွှန်းသည်။
2. ပေါလုသည် ကောလောသဲမြို့သားများထံ ပေးစာရေးသားသည့်အခါ၊ သူ၌ အစ္စရေးအမျိုးသားတို့ထံ ကောင်းသောမြေကို ခွဲဝေပေးခြင်း ရုပ်ပုံကားချပ်အမြင် ရှိနေခဲ့သည်။ သူက နောက်ခံအနေဖြင့် ဓမ္မဟောင်းကျမ်းရှိ မြေ၏ မှတ်တမ်းနှင့်အတူ *ဝေစု* ဟူသောစကားလုံးကို အသုံးပြုခဲ့သည် - ယောရှု၊၁၄း၂။
   a. ကောလောသဲစာစောင်၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ ဝေစု၊ ကျွန်ုပ်တို့၏ ခွဲတမ်းအဖြစ် ဖွင့်ပြထားသည် - ၁း၁၅-၁၉။ ၂း၆-၁၅။

    b. ခါနန်မြေသည် အစ္စရေးအမျိုးသားတို့အဖို့ အရာခပ်သိမ်းဖြစ်သည့်နည်းတူ၊ ကောင်းသောမြေ၏ ပုံဆောင်ချက် စစ်မှန်ခြင်းဖြစ်သည် ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်သည် - ၁း၁၂။

3. အဦးဆုံးနေရာရှိသော၊ အရာအားလုံးပါဝင်သောအရှင်အဖြစ် ခရစ်တော်သည် သန့်ရှင်းသူများ၏ ခွဲဝေပေးထားသည့် ဝေစုဖြစ်သည် - အငယ်၊၁၂။
4. ဓမ္မသစ်ယုံကြည်သူများ၏ ခွဲဝေပေးထားသော ဝေစုမှာ ရုပ်ပိုင်းဆိုင်ရာမြေမဟုတ်ပါ။ ၎င်းမှာ အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် အရာအားလုံးပါဝင်သော ခရစ်တော်ဖြစ်သည် - ၂း၆-၇။ ဂလ၊၃း၁၄။
    a. ကောင်းသောမြေ၏ ကြွယ်ဝခြင်းများသည် ဝိညာဉ်တော်၌ ကိုယ်တော်၏ ယုံကြည်သူများထံ ကြွယ်ဝသော မစရာအဖြစ် မတူညီသောသွင်ပြင်များ၌ရှိသည့် ခရစ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများကို ပုံဆောင်သည် - တရား၊၈း၇-၁၀။ ဧ၊၃း၈။ ဖိ၊၁း၁၉။
    b. ကောင်းသောမြေ၏ ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ခရစ်တော်၌ရှိသည့် ယုံကြည်သူများသည် ဘုရားသခင်၏အိမ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်ဖြစ်သည့် ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် တည်ဆောက်ခံရကြသည် - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။ ၁တိ၊၃း၁၅။ မ၊၁၆း၁၈-၁၉။ ရော၊၁၄း၁၇။

D. တမန်တော် ၂၆း၁၈ တွင် ပေါလုက အရာအားလုံးပါဝင်သောခရစ်တော်ကို ကျွန်ုပ်တို့၏ အမွေအဖြစ် ရည်ညွှန်းထားသည်။
1. ကျွန်ုပ်တို့၏မျက်စိများကို ဖွင့်ခြင်းနှင့် စာတန်၏အခွင့်အာဏာမှ ဘုရားသခင်ထံသို့ ကူးပြောင်းခံရခြင်းတို့၏ ရလဒ်အဖြစ် ကျွန်ုပ်တို့သည် အပြစ်များ ခွင့်လွှတ်ခံရခြင်းကို ရရှိရုံသာမက၊ ဘုရားဆိုင်ရာအမွေကိုလည်း လက်ခံရရှိကြသည်။
2. ဤအမွေသည် သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်နှင့်အတူ ကိုယ်တော်ဖြစ်ခြင်းရှိသမျှ၊ ကိုယ်တော်ပြုခဲ့သမျှ၊ ကိုယ်တော်ပြုဦးမည့်အရာမှန်သမျှအားလုံးဖြစ်ကာ၊ ၎င်းမှာ ကိုယ်တော်၏ ရွေးနုတ်ခံလူများအတွက်ဖြစ်သည်။ ဤသုံးပါးတစ်ပါးဘုရားသည် အရာအားလုံးပါဝင်သော ခရစ်တော်၌ ကိုယ်ထင်ရှားကာ၊ ကိုယ်တော်သည် သန့်ရှင်းသူများထံ သူတို့၏ အမွေအဖြစ် ခွဲဝေပေးထားသည့် ဝေစုဖြစ်သည် - ကော၊၂း၉။
3. ကောင်းသောမြေသည် အမှန်ပင် အရာအားလုံးပါဝင်သော ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်ကာ၊ ကိုယ်တော်သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အမွေအဖြစ် ကျွန်ုပ်တို့ထံ ပေးအပ်ခဲ့ပြီးဖြစ်သည် - ၁း၁၂။

© 2021 Living Stream Ministry